ဤစာအုပ်သည် ၂၀၀၄ ခုနှစ်ထုတ် Question & Answer Encyclopedia စီးရီးမှ အခန်းများကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ အခန်းပေါင်း (၈) ခန်း ပါရှိပါသည်။ ၎င်းတို့မှာ စကြဝဠာ၊ ကမ္ဘာဂြိုဟ်၊ ကမ္ဘာ့သမိုင်း၊ သဘာဝကမ္ဘာ၊ လူ့ကိုယ်ခန္ဓာ၊ သိပ္ပံနှင့်နည်းပညာ၊ ကမ္ဘာတစ်ခွင်၊ အနုပညာ၊ အားကစားနှင့်ဖျော်ဖြေရေး ဟူ၍ဖြစ်ပါသည်။ အခန်းတိုင်းတွင် စိတ်ဝင်စားဖွယ်မေးခွန်းများကို မေးထားပြီး ပြည့်စုံသော အဖြေများလည်း ပါဝင်သည်။

အခန်းများအားလုံးကို ခြုံပြီး ပြောရလျှင်–

**စကြဝဠာ** – နေ၊ လ၊ ကမ္ဘာ၊ ကြယ်၊ ဂါလက်စီ၊ ဂြိုဟ်များနှင့် အာကာသစခန်းများအကြောင်း

**ကမ္ဘာဂြိုဟ်** – ကမ္ဘာမြေအကြောင်း၊ ကျောက်တုံး၊ ကျောက်ဖြစ်ရုပ်ကြွင်း၊ ကမ္ဘာ့တိုက်ကြီးများ၊ မြစ်ချောင်း၊ သမုဒ္ဒရာ၊ တောတောင်ရေမြေသဘာဝနှင့် ရာသီဥတုများအကြောင်း။

**ကမ္ဘာ့သမိုင်း** – ရှေးဟောင်းလူမျိုးများ၊ ရှေးဟောင်းအင်ပါယာများ၊ အီဂျစ်၊ အလယ်ခေတ်မှသည် ခေတ်မီသော ကမ္ဘာကြီးများအထိ အကြောင်းများ။

**သဘာဝကမ္ဘာ** – ငှက်များ၊ တွားသွားသတ္တဝါများ၊ ရေသတ္တဝါများ၊ ငါးများ၊ မျိုးတုန်းတော့မည့် တိရစ္ဆာန်များ၊ သစ်ပင်ပန်းမာန်များနှင့် သဘာဝတရားအကြောင်းများ။

**လူ့ကိုယ်ခန္ဓာ** – ခန္ဓာကိုယ်အကြောင်း၊ ဆံပင်၊ အရေပြား၊ လက်သည်း၊ ခြေသည်းမှအစ အရိုးအဆစ်၊ အဆုတ်၊ အသည်း၊ နှလုံး၊ သွေး၊ ဦးနှောက် စသည်များအကြောင်း။

**သိပ္ပံနှင့်နည်းပညာ** – အရာဝတ္ထုများ၊ ဓာတုပစ္စည်း၊ စွမ်းအင်၊ အလုပ်၊ လျှပ်စစ်၊ သံလိုက်ဓာတ်၊ အီလက်ထရွန်နစ်၊ လေဆာ၊ အလင်း၊ အသံအား၊ စက်ကိရိယာများနှင့် အာကာသအကြောင်း။

**ကမ္ဘာတစ်ခွင်** – အာရှ၊ အာဖရိက၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အန္တာတိက၊ ဝင်ရိုးစွန်းများ၊ အစိုးရ၊ ဘာသာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုအကြောင်း

**အနုပညာ၊ အားကစားနှင့် ဖျော်ဖြေရေးနှင့်ဒဏ္ဍာရီ** – ဂီတ၊ အနုပညာ၊ ဒီဇိုင်း၊ ဗိသုကာ၊ စာပေ၊ ဒဏ္ဍာရီများ၊ ရေနှင့်နှင်းအားကစားများ၊ ဘောလုံး၊ ဘီးတပ် အားကစားများနှင့် အားကစားသမိုင်းအကြောင်းများတို့ ဖြစ်ကြပါသည်။

မိမိစိတ်ဝင်စားသော ခေါင်းစဉ်များအလိုက် ကြိုက်နှစ်သက်ရာကိုဖတ်ရှုရင်းဖြင့် ပျော်မွေ့ကြပစေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။

အဆိုပါ အမေးအဖြေ စွယ်စုံကျမ်းအချို့မှာ ၂၀၀၈ ခုနှစ်၊ မေလမှ ၂၀၀၉ ခုနှစ် ဧပြီလတိုင် သိပ္ပံနှင့်နည်းပညာ ဂျာနယ်များတွင် အပတ်စဉ် 'စွယ်စုံကျမ်း'ကဏ္ဍ၌ ဖော်ပြခဲ့တာ ပါဝင်ပါသည်။ မူရင်းစာအုပ်က ၂၀၀၄ ခုနှစ်တိုင် ဖော်ပြချက်များသာမက ၂၀၁၅ ခုနှစ်တိုင် အရေးပါသည့်အချက်များကို ထပ်မံပြီး ဖြည့်စွက်ထားပါသည်။ ထို့ကြောင့် သည်စာအုပ်ကို ၂၀၀၄–၂၀၁၅ ဟု ခေါ်ဝေါ်တာ ဖြစ်ပါသည်။ ၎င်းတို့ကို ရန်အောင်စာပေမှ စိတ်ဝင်စားပြီး ယခုလို တစ်စည်းတစ်ပေါင်းတည်း ပြန်လည်ထုတ်ဖြစ်ခဲ့တာ ဖြစ်ပါသည်။

**ဂျူနီယာဝင်း**